**“ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေး ဦးဆောင်ကောင်စီ” (Steering Council for the Emergence of a Federal Democratic Union – SCEF) မိတ်ဆက်ပွဲတွင် ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ Pu Zing Cung ပြောကြားသော အမှာစကား**

**နိဒါန်း**

ဒီကနေ့ဟာ မြန်မာ့နိုင်ငံရေးရဲ့ တောင်းဆိုမှုကြောင့် ဖွဲ့စည်းခဲ့တဲ့ “ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေးဦးဆောင်ကောင်စီ” (Steering Council for the Emergence of a Federal Democratic Union - SCEF) ကို ပြည်သူလူထုထံ မိတ်ဆက်တင်ပြတဲ့ သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ပါတယ်။ ဒီလို SCEF ဖွဲ့စည်းခြင်းဟာ လွတ်လပ်ရေးနဲ့အတူ ထွက်ပေါ်လာတဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကနေ ဒီကနေ့အထိ ဖြစ်ပွားနေတဲ့ အာဏာရှင်စနစ်တိုက်ဖျက်ရေး တိုက်ပွဲစဉ်ကာလများထဲက အဓိပ္ပါယ်အရှိဆုံးနဲ့ အချိန်အခါရဲ့ လိုအပ်ချက်အရ ထွက်ပေါ်လာတဲ့ ဖွဲ့စည်းမှုတစ်ခု ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား**

၂၀၂၁ ခုနှစ်က စတင်ခဲ့တဲ့ နွေဦးတော်လှန်ရေးဟာ မြန်မာတစ်နိုင်ငံလုံးပါဝင်တဲ့ ပြည်သူ့တော်လှန်ရေးကြီး ဖြစ်ပါတယ်။ တောင်ပေါ်၊ မြေပြန့်နေရာအနှံ့ ပြည်သူအားလုံး စစ်အာဏာရှင်စနစ် တိုက်ဖျက်ရာမှာ တက်ညီလက်ညီ ပါဝင်လာခဲ့ကြပါတယ်။ ယခင်က မျဉ်းပြိုင်လို တချိန်လုံးသွားနေတဲ့ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်နဲ့ အကြမ်းမဖက်တော်လှန်ရေးလမ်းစဉ်ဟာ ယခုအခါ တစ်ခုတည်း၊ တစ်ထပ်တည်းအဖြစ် အသွင်ပြောင်းလဲသွားပါပြီ။ မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းရာမှာ စစ်အာဏာရှင်များဟာ လက်နက်ကိုင်တိုက်ပွဲကိုပဲ နားလည်ကြတဲ့အတွက် မြန်မာတစ်နိုင်ငံလုံး လက်နက်ကိုင်တိုက်ပွဲကို “မဟာဗျူဟာ” အဖြစ်ကိုင်ဆွဲကာ မြန်မာတစ်နိုင်ငံလုံးအနှံ့ တိုက်ပွဲဝင်ခဲ့ကြတာ ဖြစ်ပါတယ်။ ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့လှုပ်ရှားမှုဟာ အောင်မြင်စမြဲဖြစ်တဲ့အ

တွက် မြန်မာနိုင်ငံရဲ့ နွေဦးတော်လှန်ရေးဟာလည်း အောင်မြင်မှုဆီကို အရှိန်အဟုန်နဲ့ ဦးတည်နေပြီ ဖြစ်တယ်။

ဦးဆောင်ကောင်စီရဲ့ ရည်မှန်းချက်ကတော့ **မြန်မာနိုင်ငံကို “ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု”အဖြစ် တည်ဆောက်ဖို့ပဲ ဖြစ်တယ်။** ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခေတ်အဆက်ဆက်ကြိုးပမ်းခဲ့မှုကို အနည်းငယ် ပြောကြားလိုပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ တည်ထောင်ရေးအတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့က ပင်လုံညီလာခံကြီးမှာ ချုပ်ဆိုတဲ့ ပင်လုံစာချုပ် အပိုဒ် (၅) မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံတဲ့ ပြည်ထောင်စုတည် ဆောက်ရေးသဘောတူညီချက်ကို ထည့်သွင်းချုပ်ဆိုပြီးဖြစ်တယ်။ ၁၉၄၇ ခုနှစ် မေလ (၂၄) ရက် နေ့မှာကျင်းပပြုလုပ်တဲ့ ဖဆပလ အဖွဲ့ချုပ် ပဏာမညီလာခံ သဘောတူညီချက်မှာ နိုင်ငံတော် တည်ဆောက်ရေးတွင် ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးများအတွက် အုပ်ချုပ်ရေးဒေသ (သို့) ပြည်နယ်များ ဖော်ပေးခြင်းသည် မြန်မာပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံး ပင်လုံစိတ် ဓာတ်အရ အဆင့်အတန်း တူညီသည်ဟု သဘောထားရမည်ဟု ပါရှိပါတယ်။ လွတ်လပ်ရေးရပြီးပါ က “အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ရေး”ကို မျှော်မှန်းခဲ့ကြတာ ဖြစ်တယ်။

၁၉၆၁ ခုနှစ်၊ ဇွန်လမှာပြုလုပ်ခဲ့တဲ့ “တောင်ကြီးညီလာခံ” မှာလည်းပဲ “ပြည်မကို ပြည်နယ်ဖွဲ့စည်းရေး၊ လွှတ်တော်နှစ်ရပ် အာဏာတူပေးရေး၊ လူမျိုးစုလွှတ်တော်မှာ ပြည်နယ်များမှ တူညီသော ကိုယ်စားလှယ်ဦးရေစေလွှတ်ရေး၊ ပြည်နယ်များမှ မိမိဆန္ဒအလျှောက် လွှဲအပ်ပေးထားသော အာဏာများကို ပြည်ထောင်စုအစိုးရထံသို့ကန့်သတ်၍ ကျန်ရှိသောအာဏာများကို ပြည်နယ်များတွင် ထားရှိရေး၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို နိုင်ငံရေးအာဏာ (၃) ရပ်လုံး အပ်နှင်းပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်ရရှိရေး”ဆိုတဲ့ ဖက်ဒရယ်အခြေခံမူတွေကို သဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။ ၁၉၇၆ ခုနှစ်၊ မေလ (၁၀) ရက်နေ့မှာ ရည်မှန်း

ချက် ကိုယ်စီရှိခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၁) ဖွဲ့ဟာ "အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)" ဖွဲ့စည်းပြီး မြန်မာနိုင်ငံကို "ဖက်ဒရယ်ပြည်ထောင်စု" အဖြစ်တည်ဆောက်ဖို့ သဘောတူချမှတ်ခဲ့ကြတယ်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှာ ချုပ်ဆိုခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီစာချုပ် (NCA) အခန်း (၁) အခြေခံမူများ ၁ (က) မှာ "ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်နှင့်အညီ တည်ဆောက်သွားရန်" လို့ အတိအလင်း သဘောတူခဲ့ကြပါတယ်။

ဒါကြောင့် SCEF ရဲ့ ရည်မှန်းချက်သည် လွတ်လပ်ရေးအကြို ပြည်ထောင်စုမပေါ်ထွန်းမီကာလမှ စ၍ တစ်ပါတီစနစ်၊ စစ်အာဏာရှင်စနစ်ကာလများနဲ့ ယခုအချိန်အထိ တူညီနေသည့် ဖက်ဒရယ်ပြည်ထောင်စုဟူသော "နိုင်ငံရေး ရည်မှန်းချက်" ဖြစ်ပါတယ်။ ပြည်သူပြည်သားများအနေနဲ့ ဒီရည်မှန်းချက်ဆီကို အရှိန်အဟုန်နဲ့ ပါဝင်ချီတက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား**

ဦးဆောင်ကောင်စီရဲ့ နိုင်ငံရေးဦးတည်ချက်တစ်ခုကတော့ **"၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးတိုင်ဖျက်သိမ်းရန်နှင့် ယင်းကိုအသက်သွင်းရန် ကြိုးပမ်းမှုမှန်သမျှကို တိုက်ဖျက်ရေး"ပဲ ဖြစ်ပါတယ်။** ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပုံကို ကြည့်မယ်ဆိုရင် စစ်တပ်က စစ်အာဏာရှင်စနစ်တည်မြဲရေးအတွက် ရေးဆွဲထားခြင်းဖြစ်တာကို တွေ့မြင်ရမှာဖြစ်တယ်။

၁၉၉၃ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် "အမျိုးသားညီလာခံ" ကျင်းပခဲ့ပြီး (၁၄) နှစ် ကြာညောင်းခဲ့ပါတယ်။ ကြိုတင်ကန့်သတ်မှုတွေနဲ့ ဖိနှိပ်မှုကြားမှာ ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်မှ ပါဝင်ရေးအတွက် အမျိုးသားညီလာခံဦးတည်ချက် (၆) ချက်နဲ့ အသေးစိတ်အခြေခံရမယ့် မူ (၁၀၄) ချက်ကို ကြိုတင်ချမှတ်ခဲ့ပါတယ်။ ညီလာခံကို ကာကွယ်တဲ့ဥပဒေ ၅/၉၆ ကို ပြဋ္ဌာန်းပြီး

တော့ ပြည်သူလူထုတစ်ရပ်လုံး ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်မှာ မပါဝင်နိုင်အောင်၊ မပါဝင်ရဲအောင် ကန့်သတ်ထားပါတယ်။ စိတ်ကြိုက်ခေါင်းခေါက်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်များနဲ့ ညီလာခံကို ကျင်းပပါတယ်။ အတိုက်ခံအင်အားစုများကို ဖမ်းဆီးချုပ်နှောင်သည့်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ သဘောဆန္ဒတွေကိုလျစ်လျူရှုပြီး စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြပါတယ်။

ဒါကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လက်ခံလို့မရတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှာ ချုပ်ဆိုတဲ့ NCA သဘောတူညီချက် အပိုဒ် ၂၂ (ဃ) အရ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ သို့သော် အာဏာသိမ်းမှုနဲ့ NCA ကို ဖောက်ဖျက်ခဲ့တဲ့အတွက် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အထောက်အကူမပြုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးတိုင် ဖျက်သိမ်းသွားကြရမှာ ဖြစ်တယ်။ ပြည်သူပြည်သားများအနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းမှုမှန်သမျှကို တိုက်ဖျက်သွားကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

**မိဘပြည်သူများခင်ဗျား**

ယနေ့တိုက်ပွဲသဏ္ဍာန်ဟာ "ပြည်သူနဲ့ စစ်အာဏာရှင်များ" အကြားဖြစ်ပွားတဲ့ တိုက်ပွဲဖြစ်ပါတယ်။ အချုပ်အခြာအာဏာရဲ့မူရင်းပိုင်ရှင်များဟာ ပြည်သူများဖြစ်တဲ့အတွက် အချုပ်အခြာအာဏာကို လုယူတဲ့ စစ်အာဏာရှင်စနစ်ကို ဆုံးခန်းတိုင်သည်အထိ ပြည်သူလူထုတစ်ရပ်လုံးက ညီညီညွတ်ညွတ် ဆန့်ကျင်တိုက်ပွဲဝင်သွားကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

၂၀၂၆ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့